**အမျိုးသမီးများတန်းတူညီမျှမှုကို ပိုမိုအားကောင်းစေရန် မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အကောင်အထည်ဖော်ခြင်း**

ရက်စက်ကြမ်းကြုတ်သော စစ်တပ်အာဏာသိမ်းပြီးနောက် တစ်နှစ်အကြာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ရွေးကောက်တင်မြှောက်ခံလွှတ်တော်အမတ်များနှင့် မြန်မာနိုင်ငံသားများ၏ အခြားသော တရားဝင်မှုရှိသည့် ကိုယ်စားလှယ်အမြောက်အများကို စုစည်းပြီး ပြည်သူ့ညီလာခံမှ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင်ကြားကာလအစိုးရအဖွဲ့အစည်းများဖြစ်ကြသော အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နှင့် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုအဖွဲ့အစည်းများ (EROs)၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် ပြည်နယ်နှင့် တိုင်းကောင်စီများကဲ့သို့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင်ပါဝင်သည့် ဒီမိုကရေစီအရေး လှုပ်ရှားဆောင်ရွက်သူများသည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင်ဖော်ပြထားသည့် မြန်မာနိုင်ငံတွင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံတစ်ခုကို အကောင်အထည်ဖော်ရန် ကြိုးစားနေကြသည်။

FDC တွင် ဂျန်ဒါတန်းတူညီမျှမှုနှင့် ကလေးသူငယ်များ၏အခွင့်အရေးများအပါအဝင် အခြေခံကျသော လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် ကျယ်ပြန့်စုံလင်စွာပါဝင်ပြီး၊ လူမျိုး၊ ယုံကြည်မှု၊ ဂျန်ဒါ၊ မသန်စွမ်းမှုနှင့် လိင်စိတ်ခံယူမှု အပါအဝင် မည်သည့်အကြောင်းပြချက်ပေါ်တွင်မဆို ခွဲခြားဆက်ဆံမှုမရှိစေရေး တားမြစ်ချက်တစ်ခုပါဝင်သည်။ FDC သည် အားလုံးပါဝင်သော ပြည်နယ်အဖွဲ့အစည်းများ တည်ထောင်ရန်၊ အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါတန်းတူညီမျှမှု ကော်မရှင်တစ်ခုဖွဲ့စည်းရန်နှင့် မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းအဆင့်တိုင်း၌ အမျိုးသမီးများကိုယ်စားပြုမှုအတွက် ၃၀ ရာခိုင်နှုန်း ခွဲတမ်းပါဝင်ရန်လည်း ရည်ရွယ်သည်။ International IDEA မှ မကြာသေးမီက ဆောင်ရွက်ခဲ့သော စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံသားများသည် ထိုကဲ့သို့သော အထူးအခွင့်အရေးပေးစီမံဆောင်ရွက်ချက်များ (affirmative action) ကို အခိုင်အမာထောက်ခံကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ FDC မူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ *မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် - ဆန်းစစ်လေ့လာချက်နှင့် အလားအလာများ* စာတမ်းကို ဖတ်ရှုနိုင်ပြီး Facebook စာမျက်နှာတွင် ရုပ်ပုံဖြင့် အကျဉ်းချုပ်ဖော်ပြထားချက်ကို ဤလင့်ခ်တွင် ကြည့်ရှုနိုင်သည်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့သည် ထိုအရေးပါသည့် ကတိကဝတ်များကို ပြန်လည်အမှတ်ရရန်နှင့် မြန်မာနိုင်ငံ၏ စစ်အာဏာသိမ်းမှုနောက်ပိုင်း ဒီမိုကရေစီအရေးတော်လှန်လှုပ်ရှားမှုတွင် အမျိုးသမီးများနှင့် လူငယ်များ၏ အရေးပါသောအခန်းကဏ္ဍကို ဂုဏ်ပြုရန် အချိန်ကောင်းတစ်ခုဖြစ်သည်။ အားလုံးပါဝင်မှုရှိရေးသည် မြန်မာ့ကြားကာလ အစိုးရအဖွဲ့အစည်းများ၏ အဓိက ရည်မှန်းချက်တစ်ခု ဖြစ်ရုံသာမက ဥပဒေ ၊ မူဝါဒများ နှင့် အထူးအခွင့်အရေးပေးစီမံဆောင်ရွက်ချက်များ (affirmative action) ချမှတ်ကာ အမှန်တကယ် လိုက်နာကျင့်သုံးမှုသေချာစေရန်အတွက် အမျိုးသမီးများနှင့် လူငယ်များသည် အဓိကလှုပ်ရှားဆောင်ရွက်သူများအဖြစ် ဆက်လက်ပါဝင်လျက်ရှိသည်။ အမြစ်တွယ်နေသော ဖိုဝါဒီကြီးစိုးမှုနှင့် ဂျန်ဒါစံနှုန်းများကို စိန်ခေါ်ခြင်းသည် FDC မူများကို လက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်ရေးတို့အတွက် အရေးပါမည်ဖြစ်သည်။ *အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း မြန်မာနိုင်ငံတွင် အားလုံးပါဝင်မှုရှိရေးနှင့် ဂျန်ဒါတန်းတူညီမျှရေး-ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာများ* ခေါင်းစဉ်ဖြင့် International IDEA ၏ MyConstitution ပရိုဂရမ်က ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲသည် ဒီမိုကရေစီနှင့်

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏ ရှုထောင့်များ၊ အတွေ့အကြုံများကို တင်ပြရန်နှင့် မြန်မာ့ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့် အားလုံးပါဝင်မှုနှင့် ဂျန်ဒါတန်းတူညီမျှရေး အရေးကိစ္စများကို ဆွေးနွေးပွဲတက်ရောက်သူများနှင့် ပွင့်လင်းစွာဆွေးနွေးနိုင်ရန် အထောက်အကူပြုခဲ့သည်။ *အာဏာသိမ်းကာလအလွန် အားလုံးပါဝင်မှုရှိရေးနှင့် ဂျန်ဒါတန်းတူညီမျှရေးကို မြှင့်တင်ရန် အဆိုပြုထားသည့် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ နည်းဗျူဟာများအပေါ် ရှုမြင်သုံးသပ်ချက်နှင့် လေ့လာမှတ်ရှုဖွယ်ရာ အဓိကအချက်များ* ကို [ဤလင့်ခ်](#)တွင် ဖတ်ရှုနိုင်ပြီး အာဏာသိမ်းမှုနောက်ပိုင်း အမျိုးသမီးများ၊ လူငယ်များနှင့် LGBTQI များကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ၎င်းတို့ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးနိုင်မည့် ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို ရှင်းပြထားသော ရုပ်ပြဗွီဒီယိုကို [ဤလင့်ခ်](#)တွင် ကြည့်ရှုနိုင်ပါသည်။

NUG နှင့် NUCC သည် ဂျန်ဒါတန်းတူညီမျှမှုမူဝါဒဆိုင်ရာ မူဘောင်သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ အထူးသဖြင့် အမျိုးသမီးလူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန (MWYCA)၊ NUG နှင့် NUCC ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ဂျန်ဒါဆိုင်ရာ မူဝါဒရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC)တို့မှတဆင့် ယင်းမူဘောင်သတ်မှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ လုပ်ဆောင်ပါသည်။ ဂျန်ဒါဆိုင်ရာ မူဝါဒရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC)သည် ဂျန်ဒါမူဝါဒမူကြမ်းတစ်ခုကို ဆွေးနွေးသဘောတူညီမှုရယူကာ မြန်မာ့ကြားကာလအဖွဲ့အစည်းများမှ [ဂျန်ဒါတန်းတူညီမျှရေးမူများ](#) ကျင့်သုံးမှုရှိစေရေး လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ဝန်ကြီးဌာနမှ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို တားဆီးရန် မူဝါဒတစ်ခုလည်း ရေးဆွဲခဲ့သည်။ ထိုမူဝါဒကို NUG မှ ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာ့ကြားကာလအဖွဲ့အစည်းများလိုက်နာကျင့်သုံးရမည့် ဂျန်ဒါတန်းတူညီမျှရေးမူဝါဒတစ်ခုအပေါ် သဘောတူညီချက် ရယူနိုင်ခဲ့ခြင်းသည် NUG နှင့် NUCC တို့မှ ကျယ်ပြန့်သည့် ဂျန်ဒါမူဝါဒဆိုင်ရာမူဘောင် ရေးဆွဲရန်နှင့် စီမံချက်များအတွက် အရေးကြီးသော ပထမဆုံးခြေလှမ်းတစ်ခု ဖြစ်လာလိမ့်မည်။ ၎င်းမူဘောင်နှင့် စီမံချက်များသည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းအဆင့်တို့တွင် အမျိုးသမီးများ ထိရောက်စွာပါဝင်နိုင်ရေးနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ကိုယ်စားပြုနိုင်စေရေးတို့အတွက် လုပ်ဆောင်မည်ဖြစ်သည်။ ထိုနည်းအားဖြင့် ဂျန်ဒါတန်းတူညီမျှမှုနှင့် အမျိုးသမီးများအခွင့်အရေးမြှင့်တင်ပေးခြင်းတို့အား မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းလာလျက်ရှိသည့် ဖက်ဒရယ်စနစ်တွင် အဓိကအစိတ်အပိုင်းများအဖြစ် ပါဝင်စေမည်ဖြစ်သည်။ FDC တွင် ဖော်ပြထားသည့်အတိုင်း အမျိုးသမီးများ၏ ခွဲတမ်းကို ၃၀ ရာခိုင်နှုန်းထိ ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ခွဲခြားဆက်ဆံမှုကို တားဆီးရန် ဥပဒေပြုရာတွင် ဂျန်ဒါစိစစ်ဆောင်ရွက်ခြင်းနှင့် အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်ရန် အကောင်အထည်ဖော်ဆောင်နိုင်မည့် ဥပဒေရေးရာမူဘောင်တစ်ခု ရေးဆွဲရန်တို့ လိုအပ်မည်ဖြစ်သည်။ အမြဲတမ်းဆိုသလိုပင် တိုးတက်ပြောင်းလဲလျက်ရှိသည့် ဥပဒေပြုရေးတွင် လုံလောက်သည့် ဥပဒေလိုက်နာရေးစနစ်များ၊ စီမံခန့်ခွဲရေးစွမ်းရည်များနှင့် ကျယ်ပြန့်သည့် စိတ်သဘောထားပြောင်းလဲမှုများ လိုအပ်ပါလိမ့်မည်။ ယုံကြည်စိတ်ချရသည့် ရဲတပ်ဖွဲ့ဖွဲ့စည်းပုံများ၊ လေးစားခံထိုက်သည့် တရားစီရင်ရေးတစ်ခု၊ တစ်ဦးချင်းစိတ်အနေအထား၊ အပြုအမူပြုပြင်ပြောင်းလဲမှုများ၊ ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံရေးဦးဆောင်မှုအားလုံးသည် ပြုပြင်ပြောင်းလဲရေး အားထုတ်မှုများ၏ တစိတ်တပိုင်းဖြစ်မှသာ ထိရောက်မှုရှိမည်ဖြစ်သည်။

ခွဲတမ်း(Quotas)များအား ကောင်းစွာရေးဆွဲ အကောင်အထည်ဖော်မှုရှိပါက ၎င်းခွဲတမ်းချမှတ်ခြင်းသည် ကြားကာလအဖွဲ့အစည်းများအတွက် ဂျန်ဒါအချိုးမညီမှုကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းတို့သည် အမျိုးသမီးအမြောက်အများကို နိုင်ငံရေးရာထူးများတွင် ခန့်အပ်နိုင်ရန်နှင့် အမျိုးသမီးများ

ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နိုင်ရေး သေချာစေရန်၊ အဆင့်မြင့်ရာထူးများရရှိနိုင်ရန်နှင့် အဖွဲ့အစည်းများတွင် လူမျိုးနှင့် လူမှုစီးပွားနောက်ခံအသီးသီးမှ အမျိုးသမီးများ၏ ကွဲပြားမှုများကို ပံ့ပိုးပေးခြင်းဖြင့် အမြစ်တွယ်နေသည့် ဘက်လိုက်မှုပုံစံများကို ကျော်လွှားနိုင်ရန် ရည်ရွယ်သည်။ ယနေ့ အသုံးပြုနေသော ခွဲတမ်း(Quotas)များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ (သို့မဟုတ်) ဥပဒေပြုရေး ဆိုင်ရာ ကိုယ်စားလှယ်နေရာသီးသန့်ဖယ်ထားပေးခြင်း၊ ဥပဒေရေးရာကိုယ်စားလှယ်လောင်း ခွဲတမ်းများနှင့် နိုင်ငံရေးပါတီခွဲတမ်းများ ပါဝင်ပါသည်။ ပိုမိုသိရှိလိုပါက International IDEA ၏ Gender Quota Database နှင့် Myanmar Gender Quota 101 ဗွီဒီယို တို့ကိုကြည့်ပါ။